## ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## ဌာနစု (၄)

## (၁၉၇၀ ခုနှစ်၊ သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်း၌ အမည်တင်သွင်းခြင်းဆိုင်ရာ နည်းဥပဒေများ။)

**အမှတ် ၆၁၀**

**ရန်ကုန်မြို့၊ ၁၃၃၂ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်။**

**(၁၉၇၀ ခုနှစ်၊ ဇူလိုင်လ ၃ ရက်။)**

အမှတ် ၆၁၀။ ။ ၁၉၇၀ ခုနှစ်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်များ ဥပဒေ ပုဒ်မ ၁၉ အရ အစိုးရသည်၊ အောက်ပါနည်းဥပဒေများကို ပြုလိုက်သည်။

### ၁၉၇၀ ခုနှစ်၊ သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်း၌ အမည်တင်သွင်းခြင်းဆိုင်ရာ နည်းဥပဒေများ။

၁။ ။ ဤနည်းဥပဒေများကို **၁၉၇၀ ခုနှစ်၊ သွားဘက်ဆိုင်ရာ ဆရာဝန် အမည်စာရင်း၌ အမည် တင်သွင်း ခြင်းဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ။ ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာဆေးကောလိပ်မှ B.D.S ဘွဲ့ရသူများသည်၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ်နှင့် ရန်ကုန်ဆေးရုံကြီးတို့တွင် သွားဘက်ဆိုင်ရာ အလုပ်သင် ဆရာဝန် အဖြစ် တနှစ်တာ ကာလအတွက်အမှုထမ်းရမည်။ ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီမှ အသိအမှတ် ပြုသည့် နိုင်ငံခြားတိုင်း နိုင်ငံများမှ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့၊ သို့မဟုတ် ဒီဂရီ ရရှိလာသူများ သည်၊ ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီမှ လိုအပ်သည်ဟု ယူဆလျှင် အထက်ပါအတိုင်း သွားဘက်ဆိုင်ရာ အလုပ်သင်ဆရာဝန်အဖြစ် ပြည်ထောင်စု မြန်မာနိုင်ငံဆေးကောင်စီမှ သတ်မှတ်ပေး သော ကာလအပိုင်းအခြားအတွက် အမှုထမ်းရမည်။

၃။ ။ ရန်ကုန်မြို့၊ ဆေးတက္ကသိုလ် (၁)၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ်နှင့် ရန်ကုန်ဆေးရုံကြီးတို့တွင် သွားဘက်ဆိုင်ရာ အလုပ်သင် ဆရာဝန်အဖြစ် အမှုထမ်းပြီးသူများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီက သွားဘက်ဆိုင်ရာ အလုပ်သင် ဆရာဝန်အဖြစ် အမှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း ခံရသူများသည်၊ သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်အတွက် ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံ အမှတ် ၁ ဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ ဆေးကောင်စီ၏ မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားကြရမည်။

၄။ ။ (၁) သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေး ရန် လျှောက်ထားသော လျှောက်လွှာများကို စီစစ်ရန်အတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် စီစစ်ရေး ဘုတ်အဖွဲ့ကို ဖွဲ့စည်းလိုက်သည်။



Myanmar Law Information System (MLIS)

(က) ကျောင်းအုပ်ကြီး၊ သွားဘက်ဆိုင်ရာ ဆေးကောလိပ် .... ဥက္ကဋ္ဌ။

(ခ) ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်၏ ကိုယ်စားလှယ် တဦး .... အဖွဲ့ဝင်။

(ဂ) ဆေးရုံအုပ်ကြီး၊ ရန်ကုန်ဆေးရုံကြီး .... အဖွဲ့ဝင်။

(ဃ) ရန်ကုန်ဆေးရုံကြီးမှ ခွဲစိတ်ကုဆရာဝန်ကြီးတဦး .... အဖွဲ့ဝင်။

(င) မော်ကွန်းထိန်း အရာရှိ၊ ဆေးတက္ကသိုလ် (၁) .... အဖွဲ့ဝင်။

(စ) သွားဘက်ဆိုင်ရာ ဆေးကောလိပ်မှ ကိုယ်စားလှယ်တဦး အဖွဲ့ဝင်။

ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီ၏ မှတ်ပုံတင်အရာရှိသည်၊ စီစစ်ရေးဘုတ်အဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်ရမည်။

(၂) စီစစ်ရေးဘုတ်အဖွဲ့ အစည်းအဝေးထမြောက်ရန် ဘုတ်အဖွဲ့ဝင် လူကြီး အနည်းဆုံး (၃) ဦး တက်ရောက်ရမည်။

၅။ ။ စီစစ်ရေးဘုတ်အဖွဲ့က လျှောက်ထားသူ၏ အရည်အချင်းနှင့် စပ်လျဉ်း၍ ကြေနပ်မှုရှိခဲ့လျှင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီ၏ မှတ်ပုံတင်အရာရှိသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ဆေး ကောင်စီသို့ တင်ပြ၍ လက်ခံအတည်ပြုချက်ရယူပြီးလျှင် လျှောက်ထားသူ၏အမည်နှင့် အခြားအ ကြောင်းအရာများကို သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းရမည်။ သွားဘက် ဆိုင်ရာ ဆရာဝန်အမည်စာရင်းကို၊ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါပုံစံအမှတ် ၂ အတိုင်း ပြုစုထားရှိရမည်။

၆။ ။ နည်းဥပဒေ ၅ အရ၊ သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်းတွင် အမည်တင်သွင်းပြီးသည်နှင့် တပြိုင်နက်၊ ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါပုံစံ အမှတ် ၃ နှင့် ပုံစံအမှတ် ၄ တို့ဖြင့် မှတ်ပုံတင်လက်မှတ် တစောင်နှင့် အိတ်ဆောင်မှတ်ပုံတင်လက်မှတ်တစောင်စီကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၇။ ။ စီစစ်ရေးဘုတ်အဖွဲ့က လျှောက်ထားသူ၏ အရည်အချင်းနှင့် စပ်လျဉ်း၍ ကြေနပ်မှုမရှိလျှင် သော်၎င်း၊ လျှောက်ထားသူသည်၊ အကျင့်စာရိတ္တချို့ယွင်းသည့် သဘောသက်ရောက်သော ပြစ်မှုတခုခု အတွက် ပြစ်မှုထင်ရှားစီရင် ခံရလျှင်သော်၎င်း၊ ရူးသွပ်လျှင်သော်၎င်း၊ ပညာရှင်လုပ်ငန်းနှင့် စပ်လျဉ်း၍ မအပ်မရာကျင့် မိစ္ဆာပြုကျင့်ကြောင်း ယုတ္တိရှိသည့် အပြုအမူကို ကျူးလွန်လျှင်သော်၎င်း၊ လျှောက်ထားသူ၏ အမည်ကို သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်းခြင်းအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အကျိုးစီးပွါးကို ထိခိုက်နစ်နာစေမည် ဟူ၍ဖြစ်စေ၊ ပြည်ထောင်စု မြန်မာနိုင်ငံ အကျိုးစီးပွါးအတွက် တစုံတရာဖြစ်ထွန်းဘွယ်ရာ မရှိဟူ၍ဖြစ်စေ ယုံကြည်လျှင်သော်၎င်း ထိုလျှောက်ထားသူ၏ အမည်ကို သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ ထာဝစဉ်၊ သို့မဟုတ် သတ်မှတ်သည့်အချိန်ကာလ အပိုင်းအခြားအတွက် အမည်တင်သွင်းရန် ငြင်းပယ်နိုင်သည်။

Myanmar Law Information System (MLIS)

၈။ ။ ဤနည်းဥပဒေများအရ မှတ်ပုံတင်လက်မှတ်ရရှိပြီးသူများသည်၊ ၃ နှစ်လျှင်တကြိမ်ထပ်မံ ပြန်လည်မှတ်ပုံတင်ရန် ဤနည်းဥပဒေများ၏ နောက်ဆက်တွဲပါ ပုံစံ အမှတ် ၅ ဖြင့် မှတ်ပုံတင် လက်မှတ် အတည်ဖြစ်သည့် ကာလအပိုင်းအခြား ကုန်ဆုံးသည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုမြန်မာနိုင်ငံ ဆေးကောင်စီ၏ မှတ်ပုံတင်အရာရှိထံသို့ လျှောက်ထားရမည်။

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး သိန်းအောင်၊
အတွင်းဝန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံအမှတ် ၁ (နည်းဥပဒေ ၃ ကိုကြည့်ပါ) ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီရုံး သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်း၌ အမည်တင်သွင်း၍ မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် လျှောက်လွှာပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံအမှတ် ၂ (နည်းဥပဒေ ၅ ကို ကြည့်ပါ) သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့၊ သို့မဟုတ် ဒီဂရီရရှိသူ သွားဘက်ဆိုင်ရာ ဆရာဝန်အမည်စာရင်းပေါင်းချုပ်

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံစံအမှတ် ၃

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံအမှတ် ၄ (နည်းဥပဒေ ၆ ကို ကြည့်ပါ) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ သွားဘက်ဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် (အိတ်ဆောင်)

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 အသစ်လဲလှယ်ခြင်းများ

[ ပူးတွဲဖော်ပြသော စာရင်း 6 ] 06 ပုံစံအမှတ် ၅ (နည်းဥပဒေ ၈ ကိုကြည့်ပါ) ပြည်ထောင်စုမြန်မာနိုင်ငံဆေးကောင်စီရုံး သွားဘက်ဆိုင်ရာ ဆရာဝန် မှတ်ပုံတင်လက်မှတ် အသစ်လဲလှယ် ထုတ်ပေးရန် လျှောက်လွှာပုံစံ

Myanmar Law Information System (MLIS)